Burmese



# ကျွန်ုပ်တို့၏ တန်ဖိုးရှိသည်များကို ကားထဲ၌ မည်သည့်အခါမျှ မထားရစ်သင့်ပါ။

kidsafevic.com.au

Kidsafe

VICTORIA State Government

# ကျွန်ုပ်တို့၏ တန်ဖိုးရှိသည်များကို ကားထဲ၌ မည်သည့်အခါမျှ မထားရစ်သင့်ပါ။

ကလေးများအား ကားအတွင်း၌ မစောင့်ရှောက်ပဲ သူတို့ချည်းသက်သက် ရာသီပူသည့်အခါတွင် မည်သည့်နေ့၌မဆို ထားရစ်ခြင်းသည် အန္တရာယ်ရှိသည်။ ၎င်းသည် ပြင်းထန်သည့် ထိခိုက်မှု သို့မဟုတ် သေဆုံးမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဗစ်တိုးရီးယားပြည်နယ်၌ ကလေးများအား စောင့်ရှောက်မှု မရှိပဲ ကားအတွင်း ထားရစ်ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်။ မိဘများ သို့မဟုတ် စောင့်ရှောက်သူများသည် ဒဏ်ကြေးများ သို့မဟုတ် ခြောက်လအထိ ထောင်ဒဏ်ကျခြင်းတို့ကို ကြုံတွေ့နိုင်သည်။

## အန္တရာယ် အလားအလာများမှာ အဘယ်နည်း။

သာမန်နေ့များတွင်ပင်လျှင် ရပ်နားထားသည့်ကား အတွင်းရှိ အပူချိန်သည် ပြင်ပအပူချိန်ထက် 20 မှ 30 ဒီဂရီ အထိ ပိုမို၍ ပူနိုင်ပါသည်။

ကားအတွင်းရှိ အပူချိန်သည် ငါးမိနစ်အတွင်း၌ နှစ်ဆ ဖြစ်သွားနိုင်သည်။ ပြင်ပ၌ အပူချိန် 30 ဒီဂရီဖြစ်လျှင် သင့် ကလေးသည် အတွင်းဘက်၌ 60 ဒီဂရီ အပူချိန်အထိ ခံစားနေရနိုင်သည်။

ကလေး၏ ကိုယ်ခန္ဓာ အပူချိန်သည် လူကြီးများထက် သုံးဆမှ ငါးဆ ပိုမိုလျင်မြန်စွာ တက်လာသဖြင့် ကလေး ကိုယ်ခန္ဓာအပေါ် ဤအပူ၏ သက်ရောက်မှုမှာ ချက်ချင်းနီးပါး ဖြစ်ပါသည်။ ၎င်းသည် သူတို့အား အသက်အန္တရာယ် ခြိမ်းခြောက်စေသည့် အပူလှိုင်း၊ ဦးနှောက်ထိခိုက်မှု၊ နလုံးနှင့် အဆုတ် အလုပ်မလုပ်ခြင်း နှင့် ရေဓာတ်နည်းပါးမှုတို့၏ ကြီးမားသော အန္တရာယ်ကို သက်ရောက်စေပါသည်။

ကားကြီးများသည် ကားငယ်လေးများကဲ့သို့ အလျင်အမြန် အပူတက်လာပါသည်။ ပြတင်းပေါက်ကို အနည်းငယ် ချဖွင့်ထားခြင်းသည် ကားတွင်းရှိ အပူချိန် အနည်းငယ်သာ သက်ရောက်မှု ဖြစ်စေပါသည်။ ပြတင်းပေါက်များကို 10 စင်တီမီတာ ချဖွင့်ထားသည့်အခါ အတွင်းပိုင်းရှိ အပူချိန်အား ငါးဒီဂရီသာ လျော့ကျစေကြောင်း စမ်းသပ်မှုများက ပြသထားပါသည်။

**ကားဘေးအန္တရာယ်ကင်းရေးနှင့်ပတ်သက်သည့် အချက်အလက် အပိုများအတွက် ကျေးဇူးပြု၍ kidsafevic.com.au တွင်ကြည့်ရှုပါ**

**အရေးပေါ်ကိစ္စတစ်ခု၌ ဖုန်း 000 ကိုခေါ်ပါ။**